၂၀၂၁ ခုနှစ် အောက်တိုဘာလ မှ ၂၀၂၂ ခုနှစ် မတ်လအထိ

**ဆေးဝါးဌာနစိတ်၏ လုပ်ငန်းဆောင်ရွက်ချက်များ**

**၁။ တိုင်းရင်းဆေးဝါးမှတ်ပုံတင်ခြင်း**

| | | | | |
|---|---|---|---|---|
| (က) | တိုင်းရင်းဆေးဝါးမှတ်ပုံတင် (အသစ်) | - | ၃၀၄ | စောင် |
| (ခ) | တိုင်းရင်းဆေးဝါးမှတ်ပုံတင် (သက်တမ်းတိုး) | - | ၃၅၂ | စောင် |
| (ဂ) | Online မှတ်ပုံတင်(သက်တမ်းတိုး) | - | ၁၄၇ | စောင် |
| (ဃ) | တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် (အသစ်) | - | ၂၈ | စောင် |
| (င) | တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် (သက်တမ်းတိုး) | - | ၁၇၂ | စောင် |
| (စ) | တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် (ဖြည့်စွက်) | - | ၂၃ | စောင် |
| (ဆ) | ပရဆေးကုန်ကြမ်းထောက်ခံချက် | - | ၂၁၁ | မျိုး |
| (ဇ) | Capsule ထောက်ခံချက် | - | ၃၅ | မျိုး |
| (ဈ) | Excipient ထောက်ခံချက် | - | ၁၀ | စောင် |

**တိုင်းရင်းဆေးဝါးစက်ရုံ(မန္တလေး)၏ လုပ်ငန်းဆောင်ရွက်ချက်များ**

| စဉ် | စက်ရုံ | ဌာနသုံးဆေး | အရောင်းဆေး |
|---|---|---|---|
| ၁။ | တိုင်းရင်းဆေးဝါးစက်ရုံ(မန္တလေး) | **(၂၈)မျိုး**<br>- ဆေးမှုန့် (၂၄)မျိုး<br>- ဆေးပြား (၂)မျိုး<br>- အဆီခဲ(၁)မျိုး | **(၁၀)မျိုး**<br>- ဆေးပြား (၉)မျိုး<br>- အဆီခဲ(၁)မျိုး |

## ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် တိုင်းရင်းဆေးဝါးလုပ်ငန်းစက်ရုံ(ရန်ကုန်/မန္တလေး)၏ အရောင်းဆေး ဖြန့်ဖြူးမှု အခြေပြဇယား

| စဉ် | စက်ရုံအမည် | ဌာနသုံးဆေး | | အရောင်းဆေး | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ထုတ်လုပ် ပိဿာ/ဘူး | ဖြန့်ဖြူ ပိဿာ/ဘူး | ထုတ်လုပ် (ဘူး) | ဖြန့်ဖြူ (ဘူး) | |
| ၁ | တိုင်းရင်းဆေးဝါးစက်ရုံ (မန္တလေး) | ၂၁၀.၅၀ | ၁၉၆၂.၁၂ | ၉၀၀၆ | ၁၉၃၄၃ | |
| | ဖယောင်းချက် | - | ၂၉.၅၀ | - | - | |
| | လက်သန့်ဆေးရည် | - | ၁၁၄ | - | - | |

**ပရဆေးဥယျာဉ်၏လုပ်ငန်းများဆောင်ရွက်ချက်များ**

(၁) **ပရဆေးဥယျာဉ်သို့ ပြည်တွင်း/ပြည်ပမှ ဧည့်သည်များ လာရောက်လေ့လာခြင်း-**

- (၁၃-၇-၂၀၂၂)ရက်နေ့တွင် သူနာပြုတက္ကသိုလ်(မန္တလေး)မှ သူနာပြုမဟာသိပ္ပံဘွဲ့လွန် ကျောင်းသူ(၁၀)ဦး အဖွဲ့ လာရောက်လေ့လာခဲ့ပါသည်။

(၂) **တိုင်းရင်းဆေးဝါးလုပ်ငန်းစက်ရုံသုံး ပရဆေးကုန်ကြမ်းများ ရရှိရေးအတွက်-**

- ပရဆေးဥယျာဉ် (၈)ခုမှ တာဝန်ခံဝန်ထမ်းများနှင့် ညှိနှိုင်းပြီး ရှေ့လာမည့်နှစ်အတွက် ပရဆေးဥယျာဉ်လုပ်ငန်းစီမံချက် များ ကြိုတင်ပြင်ဆင်ရေးဆွဲခြင်း၊
- (၂၀၂၂-၂၀၂၃) ဘဏ္ဍာရေးနှစ်အတွင်း ပရဆေးကုန်ကြမ်း (၃၁)မျိုးထိ တိုးတက်ရရှိရေး အတွက် စီမံဆောင်ရွက်လျက်ရှိပါသည်။

(၃) **အစီရင်ခံကာလအတွင်း ပရဆေးဥယျာဉ်(၄)ခုမှ-**

- တိုင်းရင်းဆေးဝါးလုပ်ငန်းစက်ရုံသုံး ပရဆေးကုန်ကြမ်း(ခြောက်) အမျိုးအစား(၁၁)မျိုး၊ ကုန်ကြမ်းစုစုပေါင်း (၃၃၇.၂၆)ပိဿာ ပေးပို့နိုင်ခဲ့ပါသည်။

  (ဆင်တုန်းမနွယ်၊ ဆေးခါးကြီး၊ ကရဝေး၊ ကန့်ချုပ်နီ၊ ကြောင်လျှာခေါက်၊ ခွေးတောက်၊ စေးမခန်း၊ နွားမြေရင်း၊ သစ်ဆိမ့်သီး၊ ခံတက်ခေါက်)

- အစီရင်ခံကာလအတွင်း အမျိုးသားပရဆေးဥယျာဉ်မှ တိုင်းရင်းဆေးရုံ (နေပြည်တော်၊ ရန်ကုန်၊ မန္တလေး)သို့ ပေါက်ပွင့်ခြောက် ဆေးရုံ(၁)ရုံလျှင် (၅)ပိဿာနှုန်းဖြင့်၊ စုစုပေါင်း (၁၅)ပိဿာ ပေးပို့ပါသည်။ တိုင်းရင်းဆေးရုံ(နေပြည်တော်)သို့ ဆေးရုံသုံးကုန်ကြမ်း(အစို) (၂)မျိုး၊ ရှားစောင်း လက်ပတ်၊ လင်းနေမြစ် စုစုပေါင်း(၈)ပိဿာ ပေးပို့နိုင်ခဲ့ပါသည်။
- အစီရင်ခံကာလအတွင်း ရေဆင်းပရဆေးဥယျာဉ်သို့ သစ်ကြံပိုးပျိုးထုပ်သေး(၁)မျိုး၊ (၅ဝ)ပင် အခမဲ့ဖြန့်ဝေပေးခြင်း ရေဆင်းပရဆေးဥယျာဉ်မှ ဆေးမခန်း ပျိုးထုပ်သေး (၅ဝ)ထုပ်နှင့် တိုင်းရင်းဆေးတက္ကသိုလ် မန္တလေးမှ ဆူးကောက်နက် ပျိုးထုပ်သေး (၃ဝ)ထုပ်ကို မျိုးအဖြစ် လက်ခံရရှိပါ သည်။

(၄) **နေပြည်တော်အမျိုးသားပရဆေးဥယျာဉ်**

- နေပြည်တော်အမျိုးသားပရဆေးဥယျာဉ်ကို မူလ(၂၂.၇၇)ဧကမှ (၁၉၆.၄)ဧကအထိ တိုးချဲ့ခဲ့ပြီး၊ ကျန်းမာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာနနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန စသည့် ဝန်ကြီး ဌာန (၃)ခုတို့မှပူးပေါင်း၍ ဆောင် ရွက်လျက်ရှိပါသည်။
- တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ရှားပါးပရဆေး ပင်များ အပါအဝင် ပရဆေးပင် အမျိုးအစား ပေါင်း (၃၄၈)မျိုး၊ အပင်အရေအတွက် စုစုပေါင်း(၂ဝ၅၂၅)ပင်၊ ရေတွက်မရသောအပင်ကြံ(၁)ရုံ၊ (၁၅၁)ဘောင် စုဆောင်းထားရှိ နိုင်ခဲ့ပါ သည်။ အစီရင်ခံကာလအတွင်း ပျိုးထုပ်အသစ်(ကြီး/သေး) (၃၆၁)ထုပ်ထည့်ခြင်း၊ ပန်းတဝိုင်းတွင် အပင်ဖါမြေချ စိုက်ပျိုးခြင်း (၁၃၄ဝ)၊ မြေချစိုက်ပျိုးပင် စုစုပေါင်း (၄၉၉၆၈)ပင်၊ စိုက်ကွက်(၁)+(၂)တိုးချဲ့ စိုက်ပျိုးခြင်း၊ ပျိုးအိုးဖြင့် စိုက်ပျိုးခြင်း၊ အပင်အမျိုးအစားပေါင်း (၂၉၉)မျိုး၊ ပျိုးအိုးစုစုပေါင်း(၇၂၈)အိုးကို Label များဖြင့် ပျိုးစင်များတွင် စိုက်ထူပြသထားပါသည်။
- နေပြည်တော်အမျိုးသားပရဆေးဥယျာဉ်မှ မျိုးထိန်းခြင်းလုပ်ငန်းကို အဓိကဆောင်ရွက် လျက်ရှိပြီး၊ ပြင်ပသို့ ပျိုးပင်ပေါင်း(၁၇၂)ပင် ရောင်းချခဲ့ပြီး၊ ရောင်းချရငွေ စုစုပေါင်း ကျပ်(၁၈၁,ဝဝဝ/-)ကို တိုင်းရင်းဆေးပညာဦးစီးဌာနရုံးချုပ် MD-010390 သို့ပေးသွင်း

ခဲ့ပါသည်။ မြိတ် ကန်သာယာပရဆေးဥယျာဉ်မှ သီဟိုဠ်စေ့ရောင်းချရငွေ သီးစားခကျပ် (၆၀,၀၀၀/-) အား မြိတ်ခရိုင်ရုံး MD-010921 သို့ပေးသွင်းခဲ့ပါသည်။

- အစီရင်ခံကာလအတွင်း ပရဆေးဥယျာဉ်(၇)ခုတွင် တိုင်းရင်းဆေးဝါးစက်ရုံသုံး ကုန်ကြမ်းများရရှိရန် ရှာဖွေစုဆောင်း ခုတ်ထစ်နေလှမ်းခြင်းနှင့် စိုက်ကွက်တိုးချဲ့ စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပါသည်။

DTM